# လုပ်ဆောင်သူ၏ ကိရိယာ တန်ဆာပလာ (သို့) လုပ်ထုံးလုပ်နည်းလမ်းညွှန် (IL)

## “၁၆ကြိမ်မြောက် ကက်သလစ်ဆရာတော်ကြီးများ ဓမ္မညီလာခံတွင် အထောက်အကူပြု ကိရိယာ တန်ဆာပလာအဖြစ် အသုံးပြုသွားမည့် အခြေခံ စနစ်သဘောတရားများ စုပေါင်း စုစည်းထားသော စံချိန်စံညွှန်း ပေါင်းချုပ်ကျမ်း”

### လုပ်ဆောင်သူ၏ ကိရိယာ တန်ဆာပလာ (IL)

လုပ်ဆောင်သူ၏ ကိရိယာ တန်ဆာပလာ (IL) ၏ အနက်အဓိပ္ပါယ်

*Instrumentum Laboris (IL)* သည် လက်တင်ဘာသာစကားမှ ဆင်းသက်လာသော ဝေါဟာရ အသုံးအနှုန်း ဖြစ်ပါသည်။ ဆိုလိုရင်း အဓိပ္ပါယ်မှာ “Working Instrument” ခေါ် ဓမ္မညီလာခံအစည်းအဝေးအတွက် “ကိရိယာ တန်ဆာပလာ” ကဲ့သို့ အသုံးပြုသွားမည့် လုပ်ငန်းစဉ် အခြေခံ စနစ် သဘောတရားများ စုပေါင်းစုစည်းထားသော စံချိန်စံညွှန်း လမ်းညွှန်မှု ပေါင်းချုပ်ကျမ်းတစ်ကျမ်း ဖြစ်ပါသည်။ ဤသဘောသဘာဝအရ IL သည် **အဖြေများကို အကြံပြုခြင်းမရှိသော်လည်း** မှတ်သားစရာများကို အဓိပ္ပါယ် နက်ရှိုင်းစေရန် ကူညီပေးပါသည်။

IL ၏ အဓိက လျာထားချက်များမှာ ကမ္ဘာ့တိုက်ကြီးများအဆင့် အဖွဲ့အစည်းများ (Continental) ဆရာတော်ကြီးများ အဖွဲ့အစည်းအဆင့် (Bishops’ Conferences) တို့၏ ဒေသန္တရအသီးသီးရှိ ဘုရားသခင်၏ လူမျိုးတော်ဝင် ကက်သလစ် ဘာသာတူ သာမန်လူပုဂ္ဂိုလ်များ၏ ဘာသာရေး သက်ဝင်ယုံကြည်မှုများကို စဉ်ဆက်မပြတ် ကြားနာလက်ခံကျင့်သုံးမှု တည်းဟူသော သဘောတရားကို ဆက်လက်ရှင်သန်ရေးပင် ဖြစ်သည်။ သို့ရာတွင်၊ IL သည် ယခုအချိန်အထိ ကက်သလစ် သာသနာတော့် ဘဝခရီးစဉ်၏ **အဖြေပေါင်းချုပ် မဟုတ်ပါ၊ ဓမ္မညီလာခံများ၏ သဘောတရားနှင့်အညီ တွေ့ကြုံ၊ ကြားနာ၊ ခံစားရသော အကျိုးအမြတ်သာလျှင် ဖြစ်ပါသည်။ အတူတကွ ခရီးပြုနေသော ကက်သလစ် သာသနာတော်၏ သဘောသဘာဝနှင့် ပတ်သက်၍ သင်ယူခဲ့သည့် ရလဒ် (အတွေ့အကြုံ၏ အသီးအပွင့်)** ဖြစ်သည်။ IL ဆိုသည်မှာလည်း ပြုလုပ်နေကျဖြစ်သော ကက်သလစ် သာသနာတော်၏ ဓမ္မညီလာခံများ လုပ်ထုံးလုပ်နည်းအရ မေးနေကျ ပြဿနာပေါင်းစုံအတွက် မေးခွန်းများ၏ **ရလဒ်အဖြေ၊ အကျိုးအမြတ်များ**လည်း ဖြစ်ပါသည်။

ဤတွင် ထပ်မံ၍ ကြိုတင်ပြင်ဆင်မှု စာတမ်း (PD) ၏ နံပါတ် 2တွင် သတ်မှတ် သုံးသပ်ထားသလို ဓမ္မညီလာခံကို စတင်ကျင်းပစဉ်ကတည်းက အမြဲတမ်းလို ဆွေးနွေးနေကျ ပုံစံအနေအထား မေးခွန်း၌သာလျှင် ဗဟိုမဏ္ဍိုင် ပြုနေပါသည်။

- “ယနေ့ခေတ်တွင် ကွဲပြားသောအဆင့်များ (ဒေသန္တရအဆင့်မှ တကမ္ဘာလုံးဆိုင်ရာအဆင့်အထိ) ဆင့်ကဲ ဆင့်ကဲ လက်တွဲညီညီ ရှေ့သို့ချီလျက် အေးအတူ ပူအမျှ ထိထိမိမိ

သာသနာပြုနေကြခြင်းအားဖြင့် ကက်သလစ် သာသနာတော်တစ်ခုလုံးဆိုင်ရာတာဝန်အရ ဧဝံဂေလိ သတင်းကောင်းကို ကြေငြာဟောပြောခြင်းသည် မည်မျှ ထိရောက်အောင်မြင်မှု ရှိသနည်း ဆိုသည့် မေးခွန်း၊ ပြုလုပ်နေဆဲ ဓမ္မညီလာခံ၏ တိုးတက်မှုနှင့် အောင်မြင်မှုအတွက် ဝိညာဉ်တော်မြတ်ဘုရားမှ မည်သည့်ခြေလှမ်း ပုံစံမျိုးနှင့် လုပ်ဆောင်ရန် ဖိတ်ခေါ်နေသနည်း။ »

IL တစ်ခုလုံးအနေဖြင့် ဘုရားသခင့်လူမျိုးတော်များ၏ ယုံကြည်သက်ဝင်မှု၊ ယုံကြည်ခြင်း အတွေ့အကြုံ အလေ့အထကို ဤဓမ္မညီလာခံ ပြုလုပ်ခြင်းအားဖြင့် ပိုမိုလေးနက်လာစေပါသည်။ အဓိကဇာတ်ဆောင် အခရာအကျဆုံး ပုဂ္ဂိုလ်သည် သန့်ရှင်းသော ဝိညာဉ်တော်မြတ်ဘုရား ဖြစ်ပါသည်။ ဤကဲ့သို့ တစ်လှေထဲစီး တစ်ခရီးထဲ သွားနေကြသော ကက်သလစ် ဘာသာတူများကို “တက်ညီလက်ညီ ရှေ့သို့ချီ” ဖြစ်ရန် ဝိညာဉ်တော်မြတ်ဘုရားမှ ထက်ကြပ်မကွာ ကာကွယ် မှိုင်းမစောင့်ရှောက်ရင်း မျှော်လင့်ချက်နှင့် ယုံကြည်မှုကို ဖြည့်သွင်းပေးခြင်းဖြင့် ဧဝံဂေလိတရားကို ကြေညာဟောပြောနေသော သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်တစ်ခု အဖြစ် ကြီးထွားလာစေရန်၊ ခရစ်တော်ဘုရားရှင် အပ်နှင်းထားသော တာဝန်ကို သစ္စာရှိစွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ကျမ်းဖွဲ့စည်းပုံနှင့် ဓမ္မညီလာခံ၏ နည်းစနစ်

**IL ၏ဖွဲ့စည်းပုံသည် ဆရာတော်များ၏ ၁၆ ကြိမ်မြောက် သာမာန်အထွေထွေဓမ္မညီလာခံ ကျင်းပစဉ် အတွင်း ၎င်း၏ လုပ်ထုံးလုပ်နည်း အသုံးပြုမှုနှင့် အနီးကပ်ဆုံး ဆက်နွယ်မှုရှိစေရန် ချိတ်ဆက်ထားပါသည်။**

**IL တွင် အဓိကစာသားနှင့် လုပ်ငန်းစဉ် ဆယ့်ငါးခု** ပါဝင်၍ တဆက်ထဲ အခြေခံ လမ်းညွှန်မေးခွန်း နံပါတ် ၂ (PD၊ 2) ကို တုံ့ပြန်ရန်အတွက် ဓမ္မညီလာခံခရီး၏ အဓိက မေးခွန်းများ၏ တုန့်ပြန်မှုဖြစ်သော အသီးအပွင့်များကို အတူတကွ ယူဆောင်လာကြသည်။

IL သည် 'synodality' ‘အတူတကွ သာသနာခရီးပြုနေခြင်း’ ဟူသော ဝေါဟာရကို သီအိုရီအရသာ နားလည်သဘောပေါက်စေခြင်း မဟုတ်ဘဲ ကမ္ဘာ၏ မတူညီသော ဒေသန္တရ နေရာဒေသများတွင် တွေ့ကြုံခံစားနားလည်နိုင်သည့် နည်းလမ်းအမျိုးမျိုးကို ထင်သာမြင်သာ ရှင်းလင်းဖော်ပြသည့် ထိုးဖောက်တက်ကြွစေသည့်အမြင်ကိုသာမက နောက်ဆက်တွဲ လေ့လာမှုလည်း လိုအပ်ကြောင်း ဖော်ထုတ် ပြသပေးထားပါသည်။

အဓိက စာသားနှင့် ဓမ္မညီလာခံ လုပ်ငန်းစဉ်များသည် ဤနှစ်နှစ်တာ အတွေ့အကြုံများမှတဆင့် ပေါ်ထွက်လာသော **အတူတကွ ခရီးပြုနေသော သာသနာတော်၏ ဝိသေသလက္ခဏာများ**ကို မီးမောင်းထိုးပြ ထားပါသည်။

**(အပိုင်း က)** တွင် ပိုမို၍ အတူတကွ ခရီးပြုနေသော သာသနာတော်ဖြစ်ရန် အဓိကကျသော အစိတ်အပိုင်းတစ်ခုအဖြစ် ခွဲခြားသတ်မှတ်ထားသော **ရှေ့လုပ်ငန်းစဉ်များ၊ (အပိုင်း ခ)** တွင် လုပ်ငန်းစဉ်တစ်ခုလုံးမှ ထွက်ပေါ်လာသော **ဦးစားပေးကိစ္စရပ်သုံးခုကို** ထပ်ဆင့်နက်ရှိုင်းစွာ ပိုင်းခြားသိမြင် နားလည်ရန် လိုအပ်သည်များကိုမီးမောင်းထိုးပြပါသည်။

2023 ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်မည့် တစ်ကမ္ဘာလုံးဆိုင်ရာ ဓမ္မညီလာခံ၏ အဓိက ဦးစားပေး ကိစ္စသုံးရပ်နှင့် ဓမ္မညီလာခံ၏ ဆောင်ပုဒ်ဖြစ်သည့် စကားလုံးသုံးလုံးနှင့် ဆက်စပ်နေပါသည်- ဧဝံဂေလိတရားကို သစ္စာစောင့်သိ၍ မည်သူ့ကိုမျှ ချန်လုပ်ထားခြင်းမရှိဘဲ အားလုံးကို ကြိုဆိုပြီး အတူတကွ **တစ်လုံးတစ်ဝတည်းရှိခြင်း**တွင် မည်သို့ကြီးထွားရမည်ဟူသော မေးခွန်း ။

**ဘုံသာသနာပြုစေလွှတ်ခြင်း** အမြင်တွင် ဆေးကြောခြင်း ခံယူပြီးသူ တစ်ဦးစီ၏ ပံ့ပိုးကူညီမှုကို အသိအမှတ်ပြု လက်ခံကြိုဆိုလျက် လက်တွေ့ကျသော အတူတကွ တာဝန်ယူမှု၊

သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်တစ်ခုတွင် အချိန်နှင့်အမျှ **ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း**နှင့် အခွင့်အာဏာကို ထင်ရှားစေရန်အတွက် တက်ကြွလှုပ်ရှားသော အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများ ဖော်ထုတ်ခြင်း။

**အဆိုပါ ဦးစားပေး သုံးခုအနက် တစ်ခုစီကို လုပ်ငန်းစဉ်ငါးခုဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။** ဤအချက်ငါးချက်သည် တူညီသောပြဿနာအတွက် မတူညီသောချဉ်းကပ်နည်းငါးခုဖြစ်ပြီး လုပ်ငန်းစဉ်အတွင်း ပေါ်ပေါက်လာခဲ့သည့် လူများ၏ ကွဲပြားမှုနှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို ဝေဖန်ပိုင်းခြားပိုင်းခြား၍ ထည့်သွင်းစဉ်းစား နိုင်စေပါသည်။

လုပ်ငန်းစဉ်တစ်ခုစီသည် ဓမ္မညီလာခံ ဖြစ်စဉ်တစ်လျှောက်လုံး ဆောင်ရွက်ခဲ့သော ဝေဖန်ပိုင်းခြား သိမြင်မှုမှ ထွက်ပေါ်လာသော အကျဉ်းချုံး ထင်မြင်ယူဆချက်တစ်ခုစီကို တင်ပြသည်။ ၎င်းသည် လုပ်ငန်းခွင်အသီးသီးတွင် လုပ်ဆောင်ရမည့် ပိုင်းခြားသိမြင်မှုဆိုင်ရာ အခြေခံမေးခွန်းဖြစ်ပြီး ဓမ္မညီလာခံတွင် ပါဝင်သူ တစ်ဦးစီမှ ဆုတောင်းခြင်းနှင့် ကြိုတင် ပြင်ဆင်ခြင်းအတွက် ဆင်ခြင်သုံးသပ်ရန် အချို့အချက်များ ပါဝင်သည်။ ဤအရာများသည် ကိစ္စအများစုတွင် စစ်မှန်သော မေးခွန်းများ ဖြစ်သည်၊ သို့သော် ၎င်းတို့သည် ဝိညာဉ်တော် မြတ်ဘုရား၏ ဖိတ်ခေါ်မှုကို မည်သို့တုံ့ပြန်ရမည်နည်းဟူသော အခြေခံကျသောမေးခွန်း၏ ရှုထောင့်တွင် အမြဲနှလုံးသွင်း ထားရမည် ဖြစ်ပါသည်။

အမှန်မှာ၊ IL သည် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ဝိသေသလက္ခဏာ နှင့်ဦးတည်ချက် မတူသော်လည်း “သို့သော်လည်း တစ်စုတစ်စည်းတည်းဖြစ်သည်” (GS၊ footnote 1)။ ဟူသော Pastoral Constitution Gaudium et Spes ကို မူရင်းနည်းလမ်းဖြင့် ပြန်လည်တင်ပြသည်။ ဤရှုထောင့်မှကြည့်လျှင်

ကောင်စီဖွဲ့စည်းပုံအခြေခံဥပဒေသည် ဓမ္မညီလာခံ၏လုပ်ငန်းဆောင်တာအတွက် လမ်းညွှန်ချက်တစ်ခုဖြစ်နိုင်သည်။

ဤကျမ်းသည် မည်သူ့ကို ရည်ညွှန်းပါသနည်း။

IL သည် ကက်သလစ်ဆရာတော်ကြီးများ၏ ၁၆ကြိမ်မြောက် အထွေထွေ ဓမ္မညီလာခံအတွင်း **ပါဝင်သူများအား** ဝေဖန်ပိုင်းခြားသိမြင်နားလည်နိုင်ရန် **ရည်ညွှန်းသည့် စာတမ်းတစ်ခု**ဖြစ်သည်။ တစ်ချိန်တည်းမှာပင်၊ ဤကျမ်းကို ဓမ္မညီလာခံတွင် ပါဝင်သူများကိုယ်တိုင်ပြင်ဆင်မှုအဖြစ် ဓမ္မညီလာခံအတွက် **ကြိုတင်ပြင်ဆင်သည့်စာတမ်း**ဟု နားလည်ရမည်ဖြစ်သည်။ ဤအကြောင်းကြောင့် IL သည် ဓမ္မညီလာခံလုပ်ငန်းစဉ်အစတွင် တည်ထောင်ထားသော ဓမ္မညီလာခံအဖွဲ့များသည် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ဆက်လက်လုပ်ဆောင်ရန်နှင့် သာသနာတော်၏ အစပျိုးမှုများကို အကောင်အထည်ဖော်ရန်အတွက် ကိရိယာ တန်ဆာပလာ တစ်ခုလည်းဖြစ်သည်။ အထူးသဖြင့်၊ လုပ်ငန်းစဉ် ငါးခုကို အနည်းဆုံး တခုတည်းအဖြစ် ခြုံငုံ၍ ရွေးချယ်ထားသော ဓမ္မသဂြိုလ်နှင့် သိုးထိန်းဆိုင်ရာ နယ်ပယ်များတွင် အသုံးပြုရန် အကြံပြုထားသော်လည်း လုပ်ငန်းတခုချင်းစီကို အသေးစိတ် ပြန်လည်စီစစ်သော ဒုတိယအပိုင်းတွင် လုပ်ငန်းတစ်ခုစီကို ခွဲခြမ်းစိတ်ဖြာပြီး ဆုတောင်းခြင်းအားဖြင့် သီးခြား ထောက်ရှုနိုင်ပေသည်။

ဤကျမ်းကို ထုတ်ဝေခြင်းသည် ဓမ္မညီလာခံလုပ်ငန်းစဉ်တစ်လျှောက် အဆိုပြုထားသည့်အတိုင်း ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သည့်အပြင် ဓမ္မညီလာခံအဖွဲ့များနှင့် ၎င်းတို့ကိုကိုယ်စားပြုမည့် ဓမ္မညီလာခံအဖွဲ့ဝင်များကြား ဆက်ဆံရေးကို ဖန်တီးရန် အမှန်တကယ် အခွင့်အရေး တစ်ရပ်ဖြစ်သည်။ IL သည် ဒေသန္တရဆိုင်ရာနှင့် ဒေသအပိုင်းအခြားဆိုင်ရာအဆင့် ဓမ္မညီလာခံတွင် ပါဝင်ခြင်းကို အားပေးရန် ရည်ရွယ်ထားပြီး၊ အောက်တိုဘာလတွင် ကျင်းပမည့် တစ်ကမ္ဘာလုံးဆိုင်ရာ ဓမ္မညီလာခံ၏ ရလဒ်များကို စောင့်ဆိုင်းနေစဉ် ဒေသဆိုင်ရာ ကက်သလစ်သာသနာတော်များမှ ဆုတောင်းခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ လုပ်ဆောင်ခြင်းနှင့် ပါဝင်ဆက်ကပ်ခြင်းများ ပြုလုပ်နိုင်မည့် အခွင့်အာဏာရှိသော အစိတ်အပိုင်းများကို ထပ်မံဖြည့်စွက်ပေးရန် ရည်ရွယ်ပါသည်။

IL ၏ အကြောင်းအရာ

**နိဒါန်း**

**2021 ခုနှစ် အောက်တိုဘာလ 10 ရက်နေ့တွင် ကက်သလစ်သာသနာတော်တခုလုံး၏ ဓမ္မညီလာခံ ခေါ်ယူကျင်းပပြီးကတည်းက ပြုလုပ်ခဲ့သော ခရီးအကျဉ်းချုပ်ကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်မှ ပြန်လည်ဝေမျှခြင်းဖြင့် IL ကို အစပြုပါသည်။ ၎င်းသည် ဤဓမ္မညီလာခံခရီးတွင် ဘုရားသခင်၏ လူမျိုးတော်များ ပြီးမြောက်ခဲ့သော အဆင့်များကို ပြန်လည်အမှတ်ရစေသည်။**

ပထမဦးစွာ၊ အရေးကြီးသော အခြေအနေများနှင့် နယ်ပယ်များမှ စတင်၍ **ဒေသန္တရအဆင့်**တွင်ရှိသော ကက်သလစ်ဘာသာတူများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကမ္ဘာတစ်ဝှမ်းရှိ ဒေသန္တရ သာသနာတော်များသည် ကြိုတင်ပြင်ဆင်စာရွက်စာတမ်း (PD) နံပါတ် (၂) မေးခွန်းကို အခြေခံ၍ စတင်ဆောင်ရွက်ခဲ့ပါသည်။- "ယနေ့ခေတ်တွင် ကွဲပြားသောအဆင့်များ (ဒေသန္တရအဆင့်မှ တကမ္ဘာလုံးဆိုင်ရာအဆင့်အထိ) ဆင့်ကဲ ဆင့်ကဲ လက်တွဲညီညီ ရှေ့သို့ချီလျက် အေးအတူ ပူအမျှ ထိထိမိမိ သာသနာပြုနေကြခြင်းအားဖြင့် ကက်သလစ် သာသနာတော်တစ်ခုလုံးဆိုင်ရာတာဝန်အရ ဧဝံဂေလိ သတင်းကောင်းကို ကြေငြာဟောပြောခြင်းသည် မည်မျှ ထိရောက်အောင်မြင်မှု ရှိသနည်း ဆိုသည့် မေးခွန်း၊ ပြုလုပ်နေဆဲ ဓမ္မညီလာခံ၏ တိုးတက်မှုနှင့် အောင်မြင်မှုအတွက် ဝိညာဉ်တော်မြတ်ဘုရားမှ မည်သည့်ခြေလှမ်း ပုံစံမျိုးနှင့် လုပ်ဆောင်ရန် ဖိတ်ခေါ်နေသနည်း။ » ဒေသန္တရဆိုင်ရာ သာသနာတော်များ၊ ဆရာတော်များအဖွဲ့ချုပ်များနှင့် အရှေ့တိုင်း အသင်းတော်များ၏ သဟာယအဖွဲ့များမှ ပါဝင် ဆက်ကပ်မှုသည် ကမ္ဘာ့တိုက်ကြီးများအဆင့် Continental Stage (DCS) အတွက် စာတမ်းမူကြမ်းရေးဆွဲခြင်းအတွက် အခြေခံဖြစ်စေသော အနှစ်ချုပ်များကို ထုတ်ပေးပါသည်။

**ကမ္ဘာ့တိုက်ကြီးများအဆင့်**သည် တူညီသောဒေသရှိ သာသနာတော်များတက်ရောက်သည့် ဓမ္မညီလာခံ ခုနစ်ခုကို အခြေခံထားသည်။ အသက်အရွယ်၊ ကျား၊မ နှင့် လူမှုရေး အခြေအနေ အမျိုးမျိုးတွင် ထူးခြားကွဲပြားသော ကျေးဇူးတော်အရည်အချင်းများ၊ သာသနာဆိုင်ရာ ခေါ်တော်မူခြင်းများကို ထင်ရှားစေပြီး ဘာသာစကား၊ ယဉ်ကျေးမှု ကွဲပြားခြင်း၊ ဝတ်ပြု ကိုးကွယ်ခြင်းနှင့် ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများ စသည့် ရတနာသိုက်ကို ဤအဆင့်တွင် ကက်သလစ်သာသနာတော်မှ လူအများအား ဦးစွာတွေ့ကြုံခံစားနိုင်စေခဲ့သည်။ ဤချမ်းသာ ကြွယ်ဝမှုသည် ဒေသခံသာသနာတော်တစ်ခုစီမှ အခြားသူများအားလုံးကို ပေးဆောင်သော လက်ဆောင် (LG 13) ကို ကိုယ်စားပြုသည်။ ပထမအဆင့် ပြီးသည်နှင့် တစ်ပြိုင်နက် ဓမ္မညီလာခံ၏ နည်းလမ်းဖြစ်သော နားထောင်ခြင်း နှင့် ဝေဖန်ပိုင်းခြားသိမြင်မှု နည်းလမ်းသည် ကျေးဇူးတော် အရည်အချင်းများနှင့် သာသနာ့ဆိုင်ရာ ခေါ်တော်မူခြင်းများကို တပုံစံထဲ မဖြစ်စေဘဲ တိုးမြင့်လာ စေရန် ခွင့်ပြုကြောင်း ထင်ရှားလာပါသည်။ တစ်ချိန်တည်းမှာပင်၊ ပိုမိုမြင့်မားသော စည်းလုံးညီညွတ်မှု (EG 221) ဆီသို့ မောင်းနှင်ပေးနိုင်သည့် အချို့သောတင်းမာမှုများသည် စွမ်းအင်အရင်းအမြစ်များဖြစ်လာပြီး အဖျက်သဘောဆန်သော အသွင်ကူးပြောင်းမှုအဖြစ်သို့ ရောက်ရှိမသွားစေရန် မီးမောင်းထိုးပြထားပါသည်။ သို့သော် တိုးတက်များပြားလာသော အတူတကွ ခရီးပြုနေသော သာသနာတော်ဖြစ်လာခြင်းသည် သာသနာတော်၏ ဝိသေသလက္ခဏာ၊ ခေါ်တော်မူခြင်းနှင့် ကံကြမ္မာကို ကိုယ်စားပြုသည်။ အတူတကွ လျှောက်လှမ်းခြင်းဆိုသည့် ဓမ္မညီလာခံသည် "ငါသည် လမ်းခရီးဖြစ်၏" (ယော ၁၄:၆) ဟု မိန့်ကြားခဲ့သော ခရစ်တော် ဘုရားရှင်၏ နောက်လိုက်တပည့်များ အမှန်တကယ်ဖြစ်လာရန် နည်းလမ်းဖြစ်ပေသည်။

**အမှာစကားသည် ဓမ္မညီလာခံ၏ ပြောင်းလဲတိုးတက်မှုများနှင့် ဆက်စပ်၍ IL ၏ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်ချက်များကို ဆက်လက်အလေးပေးထားသည်။**

IL သည် ဓမ္မညီလာခံနှင့် ၎င်း၏ပြင်ဆင်မှုများအတွက် ပထမနှင့်အဦးဆုံးသော **ဝေဖန်ပိုင်းခြား သိမြင်မှုနည်းလမ်း** ဖြစ်သည်။ ထို့ကြောင့် IL ၏ဖွဲ့စည်းပုံသည် ၎င်းအလုပ်၏ တိုးတက်ပြောင်းလဲမှုများအပေါ် စံပြုထားသည်။ လုပ်ငန်းများကို မော်ဂျူးလေးခုအဖြစ် ပိုင်းခြားထားမည်ဖြစ်ပြီး ၎င်းတို့အထဲတွင် အလုပ်အဖွဲ့များ (*circuli minores*) နှင့် စုံညီအစည်းအဝေးများပါရှိမည်ဖြစ်သည်။ မော်ဂျူးလေးခုမှ တစ်ခုစီသည် ဤ IL ၏ ကဏ္ဍများထဲမှ တစ်ခုကို ၎င်း၏ ဆောင်ပုဒ်အဖြစ် ပါရှိမည်ဖြစ်သည်။

**IL ၏ ပထမအပိုင်း - အတူတကွ ခရီးပြုနေသော သာသနာတော်အတွက်**

IL ၏ လုပ်ငန်းတခုချင်းစီကို အသေးစိတ် ပြန်လည်စီစစ်သော ပထမအပိုင်းကို နားလည်သဘောပေါက်ထားသည့်အတိုင်း ၎င်းသည် ဓမ္မညီလာခံလုပ်ငန်းစဉ်၏ အတွေ့အကြုံတွင် နေထိုင်လျက်ရှိသောကြောင့် အတူတကွခရီးပြုနေသော သာသနာတော်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

မရှိမဖြစ် အတွေ့အကြုံတစ်ခု

**အတွေ့အကြုံသည် ဓမ္မညီလာ လုပ်ငန်းစဉ်ကို အဓိပ္ပါယ်ဖွင့်ဆိုသည့် သော့ချက်တစ်ခုဖြစ်သည်။ အတူတကွ ခရီးပြုနေသော သာသနာတော်၏ပုံစံကိုနားလည်ရန်အတွက်၊ လုပ်ငန်းစဉ်တစ်ခုလုံး၏ စစ်မှန်သော အဓိက ပုဂ္ဂိုလ်သည် သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရား ဖြစ်သည် ဟူသောအသိမှ စတင်ရပါမည်။**

ဓမ္မညီလာခံလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသူများသည် ညီအစ်ကို မောင်နှမများအတွက် ယုံကြည်ခြင်း၌ တွေ့ဆုံရန် အခွင့်အလမ်းတစ်ခုအဖြစ် အသိအမှတ် ပြုပြီး တွေ့ကြုံခံစားစေပါသည်။ အချင်းချင်း နားထောင်ခြင်းဖြင့် ဝိညာဉ်တော်မြတ်ဘုရားကို နားထောင်နိုင်ကာ၊ ဘုရားရှင်နှင့် ဆက်နွှယ်မှုနှင့် သာသနာတော်ကိုချစ်ခြင်း၌ တိုးတက်လာစေပါသည်။ ဓမ္မညီလာခံအတွေ့အကြုံသည် သာသနာတော်အတွက် မျှော်လင့်ချက် မိုးကုပ်စက်ဝိုင်းကို ဖွင့်ပေးခဲ့သည်။ ဝိညာဉ်တော်မြတ်ဘုရား ၏ တည်ရှိမှုနှင့် လုပ်ဆောင်တို့မှု၏ ရှင်းလင်းပြတ်သားသော နိမိတ်လက္ခဏာမှာ သမိုင်းတလျှောက် သာသနာတော်အား ကောင်းကင်နိုင်ငံတော်သို့ ခရီးလမ်းတစ်လျှောက် ဦးဆောင်လမ်းညွှန်ပေးသည်။ နာကျည်းစရာများအဖြစ် မကြာခဏ ဖော်ပြလေ့ရှိသော သို့မဟုတ် ယနေ့သာသနာတော်၏ အသက်တာတွင် လက်ခံနိုင်မှုနှင့် ဝေဖန်ပိုင်းခြားသိမြင်မှု လိုအပ်နေသည့်နေရာတစ်ခု ဆိုသည့် ပြဿနာများကို အတူတကွ ခရီးသွားခြင်းပုံစံသည် သာသနာပြုသည့်နည်းလမ်းဖြင့် ထိတွေ့

ကိုင်တွယ်ခြင်းအားဖြင့် လက်တွေ့ကျင့်သုံးလာနိုင်သည့် နေရာတစ်ခုကို ဖန်တီးနိုင်ကြောင်း ဓမ္မညီလာခံ လုပ်ငန်းစဉ်သည် ဖော်ပြပါသည်။

**ဓမ္မညီလာခံလုပ်ငန်းစဉ်သည် - အတူတကွခရီးပြုခြင်း၏ အတွေ့အကြုံအားဖြင့် အတူတကွ ခရီးပြုခြင်းသည် အဘယ်အရာဆိုသည်ကို ပိုမိုနားလည်သဘောပေါက်ရန်ခွင့်ပြုထားသည်။** ထို့ကြောင့် 'အတူတကွခရီးပြုခြင်း'ဆိုသည့် ဝေါဟာရကို နိယာမအဖြစ်မှ **ခိုင်မာသော အတွေ့အကြုံတွင်** ထည့်သွင်းလာပါသည်။ ဘုရားသခင်၏လူများ နားထောင်ခြင်းသည် နိယာမ၊ သီအိုရီ သို့မဟုတ် ဖော်မြူလာ၏ သရုပ်ဖော်ပြခြင်းမှ ဆင်းသက်လာခြင်းမဟုတ်ဘဲ အပြသဘောဆောင်ခြင်း၊ လေးစားမှု၊ ဆုတောင်းမေတ္တာဆန်သော စကားပြောခြင်း၊ နားထောင်ခြင်း၊ ဆွေးနွေးခြင်း စသည့် တက်ကြွသော လုပ်ငန်းစဉ်အဖြစ်သို့ ရောက်ရှိရန် အဆင်သင့်ဖြစ်ခြင်းဆိုသည့် 'အတွင်းမှ' လာသော အတူတကွ ခရီးပြုခြင်းကို နားလည်သဘောပေါက်စေပါသည်။

အတူတကွ ခရီးပြုနေသော သာသနာတော်၏လက္ခဏာများ

**လုပ်ငန်းစဉ်တွင်တွေ့ကြုံခဲ့သည့်အတိုင်း အတူတကွ ခရီးပြုခြင်း၏အတွေ့အကြုံသည် အတူတကွ ခရီးပြုနေသော သာသနာတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဟုထင်မြင်နိုင်သော အချို့သောအရာများကို ခွဲခြားသတ်မှတ်နိုင်စေသည်။**

**ဆေးကြောခြင်းမင်္ဂလာမှ ဆင်းသက်လာသော ဘုံဂုဏ်သိက္ခာတစ်ရပ်ကို အသိအမှတ်ပြုမှုဖြင့် အတူတကွခရီးပြုနေသော သာသနာတော်အား တည်ထောင်ထားခြင်းဖြစ်ပြီး၊** ထိုဆေးကြောခြင်း မင်္ဂလာအားဖြင့် ဘုရားသခင်၏ သားသမီးများ၊ ဘုရားသခင်၏ မိသားစုဝင်များ၊ ဖြစ်လာကြပေသည်။ ထို့ကြောင့် ခရစ်တော်၌ရှိသော ညီအစ်ကို မောင်နှမများနှင့်အတူ ရှိတော်မူသော ဝိညာဉ်တော်မြတ်ဘုရားသည် ဘုံရည်မှန်းချက်ကို ဖြည့်ဆည်းရန် စေလွှတ်ခဲ့သည်။ **ပေါင်းစည်းခြင်း၏ အဝန်းအဝိုင်းအတွင်းမဟုတ်ပါက အတူတကွ ခရီးပြုနေသော သာသနာတော်ဟု မမှတ်ယူနိုင်ပေ။** ထိုပေါင်းစည်းခြင်းသည် လူသားဖြစ်တည်မှုတိုင်းတွင် ဧဝံဂေလိတရားကို ကြေငြာဟောပြောရန်နှင့် ဧဝံဂေလိတရားတော်ကို ကျင့်ဆောက်တည်ရန် **အမြဲတမ်း လုပ်ဆောင်ရမည့်တာဝန်** ဖြစ်သည်။ ထို့ကြောင့်၊ စေလွှတ်ခြင်းတွင် ဘုံဆေးကြောခြင်း ဂုဏ်သိက္ခာနှင့် ပူးတွဲတာဝန်ကို **အတည်ပြုရုံသာမက ကျင့်သုံးနေသည့် အဖွဲ့အစည်း၊ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်ချက်များ** ပါဝင်သည့် နေရာတစ်ခုကို တည်ဆောက်ရန် လိုအပ်ပါသည်။

**အတူတကွ ခရီးပြုနေသော သာသနာတော်သည် နားထောင်သော သာသနာတော်ဖြစ်ပြီး နားထောင်ခြင်း၏သာသနာတော်လည်း ဖြစ်ပါသည်။** ၎င်းသည် ဘုရားရှင်၏ နှုတ်ကပါဌ်တော်ကို နားထောင်ခြင်းနှင့် တစ်ဦးချင်းနှင့် သာသနာတော် အဖွဲ့အစည်းများကြားတွင် အချင်းချင်း ကြားနာခြင်းမှတစ်ဆင့် ဝိညာဉ်တော်မြတ်ဘုရား၏စကားတော်ကို နားထောင်ခြင်း ဖြစ်ပါသည်။

အပေးနှင့် အယူ နားထောင်ခြင်းမှာ ဓမ္မသင်္ဂြိုလ်ဆိုင်ရာ နက်နဲမှုရှိပြီး လုပ်ဆောင်နိုင်စွမ်းရှိရုံသာမက၊ ခရစ်တော် ဘုရားရှင်မှ ကိုယ်တော်ရှင်နှင့် တွေ့ဆုံခဲ့သော သူများအား နားထောင်ခြင်း ပုံစံကို ပြန်လည် အသက်ဝင်စေသည်။ ဘာသာတူများကြားတွင်သာမက အခြားသော ယုံကြည်ခြင်း အသိုင်းအဝိုင်း များနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် အထူးသဖြင့် မကြာခဏဆိုသလို လစ်လျူရှုခံရသော သူများအကြား ထူထောင်ထားသည့် ဆက်ဆံရေးအားလုံးတွင် ဤနားထောင်ခြင်းပုံစံသို့ အသွင်ပြောင်းရန် ဖိတ်ခေါ်ပါသည်။

**အတူတကွခရီးပြုနေသော သာသနာတော်သည် နှိမ့်ချလိုသောဆန္ဒရှိပြီး သင်ယူစရာများစွာ ရှိသည်ကို သိမြင်သည့်** (လိုင်ပိုင်းဆိုင်ရာ၊ စီးပွားရေး၊ အာဏာနှင့် အသိစိတ်အလွဲသုံးစားပြုမှုဆိုင်ရာ အကျပ်အတည်းများကို အသိအမှတ်ပြုသည့်) သာသနာတော်တစ်ခုဖြစ်သည်။ ပြန်လည် သင့်မြတ်ရေး၊ ကုစားခြင်းနှင့် တရားမျှတမှုတို့ကို ဖွင့်လှစ်ပေးသည့် နောင်တနှင့် ပြောင်းလဲခြင်း ခရီးသို့ ဖိတ်ခေါ်ချက်ဖြစ်သည်။

**အတူတကွ ခရီးပြုနေသော သာသနာတော်သည် တွေ့ကြုံရသည့် ကွဲပြားမှုကို မကြောက်သလို တပုံစံထဲ ဖြစ်ရန် တွန်းအားပေးခြင်းမရှိဘဲ တန်ဘိုးထားသော တွေ့ကြုံဆွေးနွေးနေသည့် သာသာနာတော်တစ်ခုဖြစ်သည်။** ဓမ္မညီလာခံ လုပ်ငန်းစဉ်သည် 'ကျွန်ုပ်' မှ 'ကျွန်ုပ်တို့' သို့ လမ်းကြောင်းကို လွယ်ကူချောမွေ့စေမည့် **ဆက်စပ်မနုဿဗေဒ**ကို မြှင့်တင်ပေးရုံသာမက သာသနာတော်နှင့် ဆက်စပ်နေသည့် လူ့အဖွဲ့အစည်းများ၊ အခြားသော ခရစ်ယာန်ဘာသာဝင်များ၊ အခြားဘာသာဝင်များ၊ ယဉ်ကျေးမှုများ၊ ထိတွေ့ဆက်ဆံခြင်း နှင့် တွေ့ဆုံ ဆွေးနွေးခြင်း သည်လည်း အရေးကြီးကြောင်း မီးမောင်းထိုးပြထားသည်။

**အတူတကွ ခရီးပြုနေသော သာသနာတော်သည် အားလုံးကို ပွင့်လင်းစွာ ကြိုဆိုပြီး လက်ခံနိုင်သော သာသနာတော်ဖြစ်သည်။** သာသနာတော်သည် နယ်နိမိတ်မရှိဟူသော အသိဖြင့် [သာသနာပြုရန်] ထွက်ခွာသွားသော သာသနာတော်ဖြစ်သည်။ ဝိညာဉ်တော်မြတ်ဘုရား၏ ထိုလှုပ်ရှားမှုသည် နယ်နမိတ်များကို ဖြတ်ကျော်ရန် အတင်းအကြပ်စေခိုင်းသည်ဟု မခံစားရဘဲ အားလုံးကို သူ၏ တက်ကြွလှုပ်ရှားမှုသို့ ဆွဲဆောင်သည်။

**အတူတကွ ခရီးပြုနေသော သာသနာတော်သည် တင်းမာမှုများကို ဖြိုခွင်းခြင်းမရှိဘဲ ကိုင်တွယ်ဖြေရှင်းလိုသောဆန္ဒရှိပြီး ဆောင်ရွက်နိုင်သော သာသနာတော်ဖြစ်သည်။** အထူးသဖြင့်၊ ချစ်ခြင်းမေတ္တာနှင့် အမှန်တရားတို့ကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်ရန် တောင်းဆိုမှုကို ရိုးသားစွာ မကြောက်မရွံ့ ရင်ဆိုင်ခြင်းပင်ဖြစ်သည်။ **အတူတကွ ခရီးပြုခြင်းသည် စည်းလုံးညီညွတ်သော သာသနာတော်ကို ပြန်လည်ဖွဲ့စည်းထားသောကြောင့်၊ ၎င်းသည် ပြောင်းလဲရန်အတွက် အခွင့်အရေးရှိသည့် နည်းလမ်းဖြစ်သည်**- သာသနာတော်သည် သူမ၏ ဒဏ်ရာများကို ကုသပေးပြီး သူမ၏မှတ်ဉာဏ်ကို ပြန်လည်ပေါင်းစည်းပေးသည်။ ကွဲပြားမှုများကို

ကြိုဆိုကာ ကွဲပြားခြင်းမှ ရွေးနုတ်ပေးသည်။ ထိုအချက်များက သာသနာတော်အား ခရစ်တော်၌ စက္ကရမင်တူးအဖြစ် သို့မဟုတ် ဘုရားသခင်နှင့် အလွန်နီးကပ်စွာ ပေါင်းစည်းခြင်းနှင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု၏ နိမိတ်လက္ခဏာနှင့် ကိရိယာအဖြစ် ဖြစ်တည်စေပါသည်။ « (LG, n. 1)။

**အတူတကွ ခရီးပြုနေသော သာနာတော်သည် သူမ၏ အားနည်းချက်များနှင့် မပြည့်စုံမှုများကို သိရှိသောကြောင့် ငြိမ်မနေနိုင်သော သာသနာတော် ဖြစ်သည်။** ဤသည်မှာ ဖြေရှင်းရမည့်ပြဿနာ မဟုတ်သော်လည်း၊ နိုင်ငံတော်သို့ ကျွန်ုပ်တို့လျှောက်လှမ်းရင်း သမိုင်းတစ်လျှောက်တွင် ဘုရားရှင်၏ သန့်ရှင်းပြီး မကုန်ခမ်းနိုင်သော နက်နဲဖွယ်ရာများအတွက် ဆက်လက်လမ်းဖွင့်ထားရမည် ဖြစ်သည်။ ဖြေရှင်းရမည့် ပြဿနာမဟုတ်သော်လည်း ပြုစုပျိုးထောင်ရမည့် လက်ဆောင်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သန့်ရှင်းပြီး မကုန်ခမ်းနိုင်သော နက်နဲဖွယ်ရာများနှင့် ကြုံတွေ့နေကြရပြီး နိုင်ငံတော်ဆီသို့ သမိုင်းတစ်လျှောက် လျှောက်လှမ်းနေချိန်တွင် ၎င်း၏ အံ့သြစရာများ အတွက် ဆက်လက်လမ်းဖွင့်ထားရမည်ဖြစ်သည်။ ဤသည်မှာ ဓမ္မညီလာခံဖြစ်စဉ်ကို ထင်ရှားစေသည့် မေးခွန်းများနှင့်လည်း သက်ဆိုင်ပါသည်။

ပထမအဆင့်အနေဖြင့် ၎င်းတို့သည် ချက်ချင်းအဖြေများပေးရန် အလျင်စလိုမလုပ်ဘဲ နားထောင်ခြင်းနှင့် အာရုံစူးစိုက်မှုကို လိုအပ်သည်။ ဤမေးခွန်းများ၏ဝန်ထုပ်ကို ထမ်းဆောင်ခြင်းသည် ကိုယ်ရေးကိုယ်တာဝန်ထုပ်ဝန်ပိုးမဟုတ်သော်လည်း ဆက်စပ်မှုနှင့် စက္ကရမင်တူးဆိုင်ရာ အသက်တာသည် မကြာခဏဆိုသလို အထိရောက်ဆုံးတုံ့ပြန်မှုဖြစ်သည့် အဖွဲ့အစည်းတစ်ခုလုံး၏ အလုပ်တစ်ခုဖြစ်သည်။

**အတူတကွခရီးပြုနေသော သာသနာတော်သည်** မတူညီသော ဝိညာဉ်ရေး ထုံးတမ်းစဉ်လာများ အတွင်း ဤအသုံးအနှုန်း၏ ကြွယ်ဝသော အဓိပ္ပါယ်များဖြင့် **ဝေဖန်ပိုင်းခြားသိမြင်နိုင်သော သာသနာတော်လည်းဖြစ်သည်။** ဝေဖန်ပိုင်းခြားသိမြင်မှု သာသနာတော်ဖြစ်ခြင်းဆိုသည်မှာ ဝိညာဉ်တော်မြတ်ဘုရား၏လုပ်ဆောင်ချက်အတွက် နေရာတစ်ခုဖြစ်ပြီး ၎င်း၏ နိမိတ်လက္ခဏာ များကို အသိအမှတ်ပြုနိုင်စွမ်းတွင် ကြီးထွားလာရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်သည့်နေရာ ဖြစ်သည်။

ဝိညာဉ်တော်မြတ်ဘုရား၌ စကားပြောဆိုခြင်း။

**ဓမ္မညီလာခံ လုပ်ငန်းစဉ်သည် ဝေဖန်ပိုင်းခြားသိမြင်မှုနည်းလမ်းဖြစ်သည့် ဝိညာဉ်တော်မြတ်ဘုရား၌ စကားပြောဆိုမှုကို ဖော်ထုတ်နိုင်စေခဲ့သည်။**

ပထမအဆင့်သည် အချို့သောစာရွက်စာတမ်းများတွင် 'ဝိညာဉ်ရေးရာစကားပြောဆိုမှု' သို့မဟုတ် 'ဓမ္မညီလာခံဆိုင်ရာ နည်းလမ်း' ဟုရည်ညွှန်းသည့် ဝိညာဉ်တော်မြတ်ဘုရား၌ စကားပြောဆိုခြင်း အလေ့အကျင့်အားဖြင့် ဝေဖန်ပိုင်းခြားသိမြင်မှုအရသာကို ဘုရားသခင်၏လူများကို စတင်ခံစား စေခဲ့သည်။ ဤနည်းလမ်းကို ဓမ္မညီလာခံအဖွဲ့အမျိုးမျိုးတွင် ကျင့်သုံးခြင်းဖြင့် ပုံဖော်ထားသည့်

အတိုင်း၊ သန့်ရှင်းသော ဝိညာဉ်တော်မြတ်ဘုရားဆင်းသက်သည့် အခိုက်အတန့်အဖြစ် တွေ့ကြုံခံစားခဲ့ရပြီး သာသနာတော်ဖြစ်ခြင်းကို တွေ့ကြုံခံစားရန်နှင့် ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများကို နားထောင်ခြင်းမှ ဓမ္မညီလာခံ ဖြစ်စဉ်၏ အဓိကပုဂ္ဂိုလ် စစ်စစ်ဖြစ်သော ဝိညာဉ်တော်မြတ်ဘုရားအား နားထောင်ခြင်းသို့ ကူးပြောင်းရန် အခွင့်အလမ်းတစ်ခု ဖြစ်စေပါသည်။ အမှန်မှာ၊ ဘာသာတူ ညီအစ်ကို မောင်နှမများကြားတွင် စကားပြောခြင်းသည် 'အတူတကွ ကြားနာခြင်း' အဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိစေပြီး ထို အတူတကွ ကြားနာခြင်းသည် ဝိညာဉ်တော်မြတ်ဘုရား၏ အသံကို အတူတကွ နားထောင်ခြင်းဖြစ်သည်၊

ဝိညာဉ်ရေးရာနည်းလမ်းသည် နည်းလမ်းပေါင်းများစွာနှင့် ချဉ်းကပ်မှုများစွာကို ဖော်ပြထားသည့် ရှည်လျားသော သာသနာ့ဝေဖန်ပိုင်းခြားသိမြင်မှုဆိုင်ရာ အစဉ်အလာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၎င်း၏ အလွန်ကောင်းမွန်သော သာသနာပြုတန်ဖိုးကို အလေးထားသင့်သည်။ ဤဝိညာဉ်ရေးရာ အလေ့အကျင့်သည် ကျွန်ုပ်တို့အား "ကျွန်ုပ်" မှ "ကျွန်ုပ်တို့" သို့ ကူးပြောင်းနိုင်စေသည်- ၎င်းသည် "ကျွန်ုပ်" ၏ ကိုယ်ပိုင်အတိုင်းအတာကို မျက်ခြည်ပြတ်ခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်းမပြုဘဲ ၎င်းကို အသိအမှတ်ပြုပြီး အဖွဲ့အစည်းအတွင်းသို့ ထည့်သွင်းစေနိုင်ပါသည်။

ဝိညာဉ်တော်မြတ်ဘုရား၌ စကားပြောဆိုခြင်းအတွက် လေ့ကျင့်ပေးခြင်းသည် အတူတကွ ခရီးသွားနေသော သာသနာတော်ဖြစ်ခြင်းအတွက် လေ့ကျင့်ပေးခြင်း ဖြစ်သည်။ အထူးသဖြင့် ၎င်းကို လေ့ကျင့်ရာတွင် အဖွဲ့အစည်းများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်သော စည်းရုံးရေးမှူးများ ဖွဲ့စည်းရန် လိုအပ်ပါသည်။

## တစ်လုံးတစ်ဝတည်းရှိခြင်း၊ သာသနာပြုစေလွှတ်ခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ယခုအချိန်အထိ ဓမ္မညီလာခံ လုပ်ငန်းစဉ်သည် ဓမ္မညီလာခံ၏ အဓိက စကားလုံးသုံးလုံးနှင့် စပ်လျဉ်း၍ IL မှ ဖော်ပြသော ဦးစားပေး သုံးခုဖြစ်သည့် တစ်လုံးတစ်ဝတည်းရှိခြင်း၊ သာသနာပြု စေလွှတ်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့သည် နောက်ပိုင်း အစီအစဉ် အပြောင်းအလဲဖြင့် ဖြစ်ပေါ်လာပါသည်။ ဤအရာများသည် သာသနာတော်တစ်ခုလုံး ရှေ့သို့တစ်လှမ်းတက်ရန်အတွက် ၎င်း၏ ကိုယ်ပိုင်ဓမ္မညီလာခံ အဆင့်တိုင်းနှင့် ရှုထောင့်ပေါင်းစုံမှ ကြီးထွားလာစေရန်အတွက် စိန်ခေါ်မှုများ ဖြစ်သည်။ ၎င်းတို့ကို ဓမ္မသင်္ဂြိုလ်နှင့် ကာနွန်ဥပဒေရှုထောင့်မှသာမက သိုးထိန်းဆိုင်ရာနှင့် ဝိညာဉ်ရေးဆိုင်ရာ ရှုထောင့်မှ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။ သူတို့သည် သာသနာများ အစီအမံနှင့် ဘုရားသခင်၏လူမျိုးတော်ဝင်တစ်ဦးစီ၏နေ့စဉ်ရွေးချယ်မှုနှင့် နေထိုင်မှုပုံစံတို့ကို မေးခွန်းထုတ်လာကြပေသည်။

'သာသနာပြုစေလွှတ်ခြင်း' နှင့် 'ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း' ဟူသော အသုံးအနှုန်းများကို ပြောင်းပြန်လှန်ရန် ဆုံးဖြတ်ခဲ့သည်၊ အကြောင်းမှာ ဓမ္မညီလာခံလုပ်ငန်းစဉ် ကိုယ်တိုင်က

ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၌ အဆုံးမရှိဟု နားလည်နိုင်စေကာ တစ်လုံးတစ်ဝတည်းရှိခြင်းနှင့် သာသနာပြုစေလွှတ်ခြင်းမှ ၎င်း၏ ဇစ်မြစ်နှင့် တိမ်းညွှတ်မှုကို ဆွဲထုတ်စေသောကြောင့် ဖြစ်သည်။ နောက်တစ်ခုသည် တစ်ခုနှင့်တစ်ခု ရောယှက်နေပြီး ရောင်ပြန်ဟပ်နေသည်။ သာသနာပြု အသိုင်းအဝိုင်းအတွင်း ဆက်ဆံရေးများသည် တစ်လုံးတစ်ဝတည်းရှိခြင်း၏ နယ်မြေအတွင်းရှိနေစဉ် သာသနာပြုစေလွှတ်ခြင်းသည် အရှိန်အဟုန်ဖြင့် အပြင်ဖက်သို့ ဦးတည်နေသည်ဆိုသည့် နားလည်မှု နှစ်မျိုးကို ကျော်လွှန်သွားစေရန် ဦးတည်နေပါသည်။ တစ်ချိန်တည်းမှာပင်၊ သာသနာပြု စေလွှတ်ခြင်းအတွက် လမ်းညွှန်မှုသည် ခရစ်ယာန်အသိုက်အဝန်း၏ အတွင်းပိုင်းအဖွဲ့အစည်း အတွက် တစ်ခုတည်းသော ဓမ္မဂေလိတရားနည်းလမ်းကျသော စံသတ်မှတ်ချက်များ၊ အခန်း ကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို ခွဲဝေပေးခြင်းနှင့် ၎င်း၏အဖွဲ့အစည်းနှင့် ဖွဲ့စည်းပုံများကို စီမံခန့်ခွဲခြင်းဆိုင်ရာ တစ်ခုတည်းသော စံသတ်မှတ်ချက်ဖြစ်ကြောင်း ဓမ္မညီလာခံ လုပ်ငန်းစဉ်က သတိပြုမိစေသည်။ **တစ်လုံးတစ်ဝတည်းရှိခြင်းနှင့် သာသနာပြုစေလွှတ်ခြင်းကို ဆက်စပ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို နားလည်နိုင်သည်။ ဤအကြောင်းကြောင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းကို အခြား နှစ်ခု အပြီးတွင်သာ ရည်ညွှန်းနိုင်သည် ။**

**ပထမစိန်ခေါ်မှု - ပျံ့နှံ့စေသော တစ်လုံးတစ်ဝတည်းရှိခြင်းတစ်ခု- ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်း၏ နိမိတ်လက္ခဏာနှင့် လူသားအားလုံး၏ စည်းလုံးညီညွတ်မှုကို မည်သို့မည်ပုံ ပိုမိုပြည့်စုံစေမည်နည်း။**

သာသနာတော်တွင် တစ်လုံးတစ်ဝတည်းရှိခြင်းကို တစ်ကိုယ်ကောင်းဆန်သော လူမှုဗေဒ သို့မဟုတ် မဟာဗျူဟာ-ဖွဲ့စည်းမှုဆိုင်ရာ အသုံးအနှုန်းများတွင် နားလည်ရန်မဟုတ်သော်လည်း၊ ဘုရားသခင့် လူများ၏ 'ကျွန်ုပ်တို့' ကို တည်ဆောက်ခြင်း၏ ဘယ်သောအခါမှ မကုန်ဆုံးနိုင်သော တာဝန်ကို ရည်ညွှန်းသည်။ ၎င်းသည် ဒေါင်လိုက်အတိုင်းအတာတစ်ခုဖြစ်သော Lumen Gentium က ခေါ်ဆိုသည့် "ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်း" နှင့် အလျားလိုက်တစ်ခုဖြစ်သော "လူသားအားလုံး၏ စည်းလုံးညီညွတ်မှု"တို့ကို အားကြီးသော လူသားကမ္ဘာ၏ နောက်ဆုံးသော အချိန်ကာလတွင် ပေါင်းစပ်ထားသည်။ ထိုအခိုက်အတန့်တွင် ကျွန်ုပ်တို့သည် တိုးပွားစေရန်နှင့် ကာကွယ်ရန် လိုအပ်သည့် များပြားလှသော ဝိနည်းများ ပါဝင်သည့် **ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများ**တွင် ကြိုတင်ပါဝင်ခြင်း အမှတ်လက္ခဏာတစ်ခု ရရှိခဲ့ပါသည်။

၎င်းသည် သာသနာတော်၏ တစ်လုံးတစ်ဝတည်းရှိခြင်းဖြစ်ပြီး ပါလီမန်ဖွဲ့စည်းပုံနှင့် ဆင်တူသည့် ကိုယ်စားပြုနှင့် ဥပဒေပြုရေးမဟုတ်သော ဓမ္မညီလာခံကို နားလည်နိုင်စေသည်။ ယင်းအစား၊ ကက်သလစ်သာသနာတော်၏ စဉ်ဆက်မပြတ် အစဉ်အလာနှင့်အညီ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ စည်းဝေးပွဲနှင့် ယှဉ်တွဲ၍ နားလည်ရန် လိုအပ်ပေသည်- ဓမ္မညီလာခံ ကျင်းပရခြင်းမှာ သာသနာတော်သည် ဝိညာဉ်တော် မြတ်ဘုရားကို ယုံကြည်၍ နားထောင်ခြင်းကြောင့် ဖြစ်သည် ။

ကျွန်ုပ်တို့၏ သမိုင်းဖြစ်ရပ်မှန်၏ တိကျသေချာမှုတွင်၊ ပေါင်းစည်းခြင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတွင် **မတူကွဲပြားမှုတွင် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ခြင်း**၏ မပြည့်စုံမှုကို လက်ခံရန် လိုအပ်သည် (၁ ကော ၁၂)။ သမိုင်းသည် သဘောထားကွဲလွဲမှုများကို ဖြစ်ပေါ်စေပြီး ဒဏ်ရာများကို ကုစားရန် လိုအပ်သည်။ ပြန်လည်သင့်မြတ်ရေးအတွက် လမ်းကြောင်းများကို ပုံဖော်ရန် လိုအပ်သည်။ ဤအခြေအနေတွင်၊ ကတုတ်ကျင်းများနှင့် ခြံစည်းရိုးများကို ကျော်လွှားနိုင်ရန် **ဧဝံဂေလိတရားတော်၏ အမည်နာမဖြင့် မည်သည့် နှောင်ကြိုးများကို ခိုင်ခံ့စေရမည်၊ မည်သည့် အမိုးအကာများနှင့် အကာအကွယ်များ တည်ဆောက်ရန် လိုအပ်သနည်း၊ မည်သူကို ကာကွယ်ရန်၊ မည်သည့်ဌာနခွဲများသည် အကျိုးမဖြစ်ထွန်းသနည်း။ တဖြည်းဖြည်းချင်း ပေါင်းသင်းဆက်ဆံမှု ပြီးမြောက်ရန် လမ်းကြောင်းသည် မည်သည့်အချိန်တွင် ဖြစ်နိုင်သနည်း။**

## ဒုတိယစိန်ခေါ်မှု - သာသနာပြုစေလွှတ်ခြင်းတွင် ပူးပေါင်းတာဝန်ယူမှု- ဧဝံဂေလိတရားကြေညာဟောပြော ရာတွင် ကျေးဇူးတော်များနှင့် တာဝန်များကို မည်သို့မျှဝေမည်နည်း။

သာသနာပြုစေလွှတ်ခြင်းသည် ရွေ့လျားနေသော မိုးကုပ်စက်ဝိုင်းကို ဖွဲ့စည်းထားပြီး၊ ထိုမှ အတူတကွ ခရီးပြုနေသော သာသနာတော်အကြောင်း စဉ်းစားရမည်။ ၎င်းသည် သူမကိုယ်သူမ ပုံဖော်ရန် ကမ္ဘာလောကထဲသို့ သူ့ကိုယ်သူ ပို့ဆောင်ပေးသည်။ တစ်နည်းဆိုရသော် စေလွှတ်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်မြတ်ဘုရား ဆင်းကြွလာခြင်း၏ အတွေ့အကြုံကို လက်ခံရရှိစေသည်- သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရားကို ခံယူရရှိပြီးနောက် တမန်တော်များသည် စုဝေးနေရာ အပေါ်ထပ်အခန်းထဲမှထွက်လာကာ၊ ယေရုဇလိမ်မြို့သူမြို့သားတို့အား ခရစ်တော်ဘုရားရှင် အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအကြောင်းများကို ကြေညာဟောပြောရန် မြေညီထပ်သို့ ဆင်းလာကြသည်။ အတူတကွ ခရီးပြုနေသော ဘဝအသက်တာသည်လည်း ထိုကဲ့သို့သော တက်ကြွလှုပ်ရှားမှုတွင် အခြေခံပါသည်။

သာသနာပြုစေလွှတ်ခြင်းသည် ဘာသာရေးထုတ်ကုန်တစ်ခု၏ ဈေးကွက်ချဲ့ထွင်ခြင်း မဟုတ်သော်လည်း ပေါင်းသင်းဆက်ဆံရေးသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပေါ်လွင်စေသည့် **လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ခြင်း**ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘဝအသက်တာသည် ကြေညာ ဟောပြောခြင်း ဖြစ်လာသည်။

သာသနာပြုစေလွှတ်ခြင်းသည် လူတိုင်း၏ ကျေးဇူးတော်များနှင့် အလုပ်တာဝန်များ ပါဝင်ဆက်ကပ်ရန် တောင်းခံရာတွင် အမှန်တကယ် အောင်မြင်သည့် နည်းလမ်း ဖြစ်သည်။ သာသနာပြုစေလွှတ်ခြင်း၏ ရှုထောင့်သည် အများနှင့်ဆိုင်သော နယ်ပယ်အတွင်း ပရဟိတလုပ်ငန်းများနှင့် ဓမ္မအမှုတော် ဆောင်ခြင်းများကို နေရာပေးသည်။

**ဆေးကြောခြင်းခံယူပြီးသူတိုင်းသည် မိမိကိုယ်မှ အပြင်သို့ထွက်ကာ ကြီးမြတ်သောအရာများတွင် အခြားသူများနှင့်အတူ ပါဝင်လုပ်ဆောင်နိုင်ခြင်း ဆိုသည့် သာသနာပြုလုပ်ငန်းအတွက် ပါဝင်ဆက်ကပ်ခြင်းကို မည်ကဲ့သို့အသိအမှတ်ပြုကာ တန်ဖိုးထားနိုင်သနည်း ဆိုသည်ကို သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော် တစ်ခုတွင် ဆန်းစစ်ရန် တာဝန်ရှိသည်။**

ဤဦးစားပေးနှင့်ချိတ်ဆက်ထားသော လုပ်ငန်းစဉ်များသည် အသက်မွေးဝမ်းကြောင်းမျိုးစုံ၊ ကျေးဇူးတော်နှင့် အမှုတော်ဆောင်ခြင်းများ၊ အမျိုးသမီးများ၏ ဆေးကြောခြင်းဂုဏ်သိက္ခာကို မြှင့်တင်ခြင်း၊ သိက္ခာတော်ရအမှုတော်ဆောင်များ၏ အခန်းကဏ္ဍနှင့် အထူးသဖြင့် သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်အတွင်းရှိ ဆရာတော်၏ အမှုတော်ဆောင်ခြင်းစသည့် တို့ကို အသိအမှတ်ပြုခြင်း၊ ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ ဤအခြေခံမေးခွန်းကို အခိုင်အမာ ဖော်ပြရန် ကြိုးစားပါသည်။

**တတိယစိန်ခေါ်မှု- ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ အုပ်ချုပ်မှုနှင့် အခွင့်အာဏာ။ သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်ရှိ မည်သည့်လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံများနှင့် အဖွဲ့အစည်းများ။**

ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်အရှင်သူမြတ်က ဓမ္မညီလာခံလုပ်ငန်းစဉ်အစ (၉ အောက်တိုဘာ ၂၀၂၁) တွင် "ကျွန်ုပ်တို့သည် ခရီး၏ခြေတစ်လှမ်းတိုင်းတွင် အတူတကွ ခရီးပြုခြင်း၏ ခိုင်မာမှုကို ဖော်ပြသော သာသနာတော် လက်ခံကျင့်သုံးနေသောအစဉ်အလာ (ecclesial praxis) ဖြစ်သည့် တစ်ဦးချင်းစီ၏ စစ်မှန်သောပါဝင်ပတ်သက်မှု" ကို မြှင့်တင်ခြင်းနှင့် ထို့အပြင် "ပါဝင်ဆောင်ရွက်ခြင်း သည် ဆေးကြောခြင်းဆိုင်ရာ ယုံကြည်ခြင်း၏ လိုအပ်ချက်တစ်ခုဖြစ်သည်" ဆိုသည့်အချက် ကို မမွေးမြူပါက တစ်လုံးတစ်ဝတည်းရှိခြင်းနှင့် သာသနာပြုစေလွှတ်ခြင်းသည် လက်ဆုပ်လက်ကိုင် မပြနိုင်သည့် စကားလုံးများအဖြစ် ကျန်ရှိမည့် အန္တရာယ်ရှိသည်။" ဟု မှတ်ချက်ချခဲ့သည်။

လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများအတွက် စိုးရိမ်ပူပန်မှုသည် အချိန်ကြာလာသည်နှင့်အမျှ စုစည်းရန်၊ အဖွဲ့အစည်းများကို ဖန်တီးရန်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်းကို စိတ်ခံစားမှုအတိုင်း ဆက်ဆံခြင်းမှ ဖယ်ထုတ်ခြင်းတို့ကို သာသနာပြုစေလွှတ်ခြင်းအား ခွင့်ပြုသည်။

**တိကျသေချာသော သာဓကတစ်ခု**ဖြစ်သည့် လုပ်ထုံးလုပ်နည်း အတိုင်းအတာတွင် ပါဝင်မှုသည် အလွန်ဆက်စပ်မှုရှိသော **မနုဿဗေဒသိပ်သည်းဆ**ကို ပေါင်းထည့်သည်- အမှန်မှာ၊ တစ်လုံးတစ်ဝတည်းရှိခြင်း လုပ်ငန်း၏ ဗဟိုချက်တွင်ရှိသော ဆက်ဆံရေးနှင့် သာသနာပြုစေလွှတ်ခြင်း ဆောင်ရွက်ရန် ကတိကဝတ်များ အတွက် စိုးရိမ်မှုကို ဖော်ပြသည်။ 'ကျွန်ုပ်တို့' အသွင်ကူးပြောင်းမှုသည် 'ကျွန်ုပ်' ကို မထင်မရှား အစုအဝေးအဖြစ်သို့ စုပ်ယူခြင်းမရှိကြောင်း သတိပေးခြင်းဖြင့် လူတစ်ဦးချင်းစီ၏ တမူထူးခြားမှုကို ကာကွယ်ပေးပါသည်။ ၎င်းသည်

အခွင့်အရေးများ၏ စိတ်ကူးစိတ်သန်းများထဲသို့ ကျဆင်းခြင်း သို့မဟုတ် အဖွဲ့အစည်း၏ စွမ်းဆောင်ရည်အတွက် လူများကို လက်အောက်ခံ ကိရိယာများအဖြစ် လျှော့ချခြင်းမှ ကာကွယ်ပေးသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အခြေခံအားဖြင့် တီထွင်ဖန်တီး နိုင်စွမ်းကို ဖော်ပြခြင်းဖြစ်ပြီး သာသနာပြုစေလွှတ်ခြင်းနှင့် တစ်လုံးတစ်ဝတည်းရှိခြင်း၏ ဗဟိုချက်၌ရှိသော ညှိဝတ်ကျေပွန်မှု၊ ကြိုဆိုမှုနှင့် လူသားတို့၏ ဆက်ဆံရေးကို ပြုစုပျိုးထောင်ပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။

ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအတွက် စိုးရိမ်ပူပန်မှုသည် တတိယဦးစားပေးဖြစ်သည်- **မေးခွန်းထုတ်စရာ အခွင့်အာဏာ ၊ ၎င်း၏အဓိပ္ပာယ်နှင့် အတူတကွ ခရီးပြုနေသည့် သာသနာတော်အတွင်း ကျင့်သုံးနေသည့် ပုံစံ။** ဤမေးခွန်းနှင့် ချိတ်ဆက်ထားသော ဒုတိယအချက်မှာ အချိန်ကြာလာသည် နှင့်အမျှ တိကျခိုင်မာမှုနှင့် တည်တံ့မှုအတွက် စိုးရိမ်မှု ဖြစ်တည်လာသည်။ **သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်၏ တက်ကြွလှုပ်ရှားမှုနှင့် ကျွန်ုပ်တို့၏ဖွဲ့စည်းပုံများနှင့် အဖွဲ့အစည်းများကို မည်သို့ ထုံမွှမ်းနိုင်မည်နည်း။**

သို့သော်၊ IL သည် အတူတကွခရီးပြုနေသော သာသနာတော်ဖြစ်ရန် တစ်ခုတည်းသော အဖွဲ့အစည်း များနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ မလုံလောက်ကြောင်း အသိအမှတ်ပြုပါသည်။ **စည်းလုံး ညီညွတ်သော ယဉ်ကျေးမှုနှင့် ဝိညာဉ်ရေးရာများကို ပြောင်းလဲလိုသောဆန္ဒနှင့် လုံလောက်သော ဖွဲ့စည်းမှုဖြင့် တည်တံ့စေရန်အတွက် လိုအပ်ပါသည်။**

ပြုစုပျိုးထောင်ခြင်းသည် သာသနာတော်၏ဘဝနှင့် လုပ်ဆောင်ချက်အတွက် အတူတကွခရီးပြုခြင်း နည်းလမ်း၏ သိုးထိန်းဆိုင်ရာ စံနမူနာတစ်ခုအဖြစ် ဆက်လက်လုပ်ဆောင်ရန် မရှိမဖြစ်လိုအပ်သော နည်းလမ်းဖြစ်သည်။ နောက်ဆုံးတွင်၊ IL သည် ဝတ်ပြုကိုးကွယ်ရာနေရာ၊ တရားဟောခြင်း၊ ဘုရားစကား သင်ကြားခြင်း၊ ဘာသာရေးအနုပညာ၊ ဘာသာတူများနှင့် လူထုအပါအဝင် မီဒီယာ အသစ်နှင့် အဟောင်းများမှတဆင့် ကျယ်ကျယ်ပြန့်ပြန့်ပြောဆို ဆက်ဆံမှုပုံစံအားလုံးတွင် **သာသနာတော်မှ အသုံးပြုသောဘာသာစကားကို အသစ်ပြန်လည်ပြင်ဆင်ရန် အားထုတ်မှု လိုအပ်ကြောင်း** မီးမောင်းထိုးပြသည် ။

## IL ၏ဒုတိယအပိုင်း - ခေါင်းစဉ်နှင့် ဆက်စပ်သည့်အကြောင်းအရာ လုပ်ငန်းစဉ်များ

ဓမ္မညီလာခံ၏ လုပ်ငန်းပြင်ဆင်မှုနှင့် ဖွဲ့စည်းပုံကို ထိန်းကျောင်းပေးနိုင်ရန် ဦးစားပေးတစ်ခုစီအတွက် လုပ်ငန်းစဉ် ငါးခုကို ပြင်ဆင်ထားပြီး ဖြစ်သည်။ ၎င်းတို့တစ်ခုစီသည် ကမ္ဘာ့တိုက်ကြီးများအဆင့် ဓမ္မညီလာခံများ၏လုပ်ဆောင်မှုမှတစ်ဆင့် ပေါ်ပေါက်လာသည့် သာသနာတော်အသက်တာ၏

မတူညီသောဖြည့်စွက်ရှုထောင့်များနှင့်ချဉ်းကပ်၍ အရင်းခံပြဿနာများကို ကုသရန် အဓိကနေရာဖြစ်သည်။

**B 1. ရောင်စဉ်ဖြာသော တစ်လုံးတစ်ဝတည်းရှိခြင်း။ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်းနှင့် လူသားအားလုံး၏ စည်းလုံးညီညွတ်ခြင်းတို့၏ နိမိတ်လက္ခဏာနှင့် ကိရိယာတန်ဆာပလာများ ပိုမိုပြည့်စုံစေရန် မည်သို့ဖြစ်နိုင်မည်နည်း။**

B 1.1 တရားမျှတမှုနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အလှူပေးခြင်းနှင့် ကတိကဝတ်ပြုခြင်းတို့သည် အတူတကွခရီးပြုနေသော သာသနာတော်ကြီးတွင် တစ်လုံးတစ်ဝတည်းရှိခြင်းကို မည်သို့ အားဖြည့်ပေးနေပါသနည်း။

B 1.2 "ချစ်ခြင်းမေတ္တာနှင့်အမှန်တရားသည် တွေ့ဆုံလိမ့်မည်" (Ps 85:11) ဟူသောကတိကို အတူတကွ ခရီးပြုနေသော သာသနာတော်က မည်သို့ယုံကြည်နိုင်သနည်း။

B 1.3 သာသနာတော်များအကြား ကျေးဇူးတော်များဖလှယ်ခြင်း၏ တက်ကြွသောဆက်ဆံရေးသည် မည်သို့ကြီးထွားလာမည်နည်း။

B 1.4 ပြန်လည်ဆန်းသစ်ထားသော ခရစ်ယာန် ဂိုဏ်းပေါင်းစုံနှင့်ဆိုင်ရာ ကတိကဝတ်တစ်ခုအားဖြင့် အတူတကွ ခရီးပြုနေသော သာသနာတော်သည် သူမ၏ သာသနာပြုခြင်းကို ပိုမိုကောင်းမွန်အောင် မည်သို့ဖြည့်ဆည်းပေးနိုင်မည်နည်း။

B 1.5 ကျွန်ုပ်တို့သည် ယဉ်ကျေးမှု၏ကွဲပြားခြင်းကို မည်ကဲ့သို့ အသိအမှတ်ပြုပြီး ရိတ်သိမ်းကာ ဧဝံဂေလိတရား၏လမ်းညွှန်မှုအောက်တွင် ဘာသာတရားများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်မည်နည်း။

**B 2. သာသနာပြုစေလွှတ်ခြင်းတွင် ပူးတွဲတာဝန်ရှိသည်။ ဧဝံဂေလိတရား ကြေညာဟောပြောခြင်း အမှုတော်မြတ်၌ ကျေးဇူးတော်များနှင့် လုပ်ငန်းတာဝန်များကို မည်သို့မျှဝေရမည်နည်း။**

B 2.1 သာသနာပြုစေလွှတ်ခြင်း၏ အဓိပ္ပါယ်နှင့် အကြောင်းအရာကို မျှဝေသိရှိနားလည်မှုဆီသို့ မည်ကဲ့သို့ အတူတကွ လျှောက်လှမ်းနိုင်မည်နည်း။

B 2.2 အတူတကွ ခရီးပြုနေသော သာသနာတော်သည် အားလုံး ဓမ္မအမှုတော်ဆောင်ရွက်နေသော သာသနာပြုနေသည့် သာသနာတစ်ခုဖြစ်လာစေရန် အဘယ်အရာလုပ်ဆောင်နိုင်သနည်း။

B 2.3 အမျိုးသမီးများ၏ ဆေးကြောခြင်းဂုဏ်သိက္ခာကို ပိုမိုအသိအမှတ်ပြုခြင်းနှင့် မြှင့်တင်ခြင်းမှတဆင့် ကျွန်ုပ်တို့၏ခေတ် သာသနာတော်သည် သူမ၏တာဝန်ကို မည်သို့ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည်နည်း။

B 2.4 သိက္ခာတော်ရ ဓမ္မအမှုတော်ဆောင်ခြင်းသည် ဆေးကြောခြင်းအားဖြင့် ရရှိသော ဓမ္မအမှုတော်ဆောင်ခြင်းများနှင့် ဆက်ဆံရေးတွင် သာသနာပြုရှုထောင့်တွင် မည်သို့တိုးတက်နိုင်မည်နည်း။

B 2.5 ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီတိုင်းသည် "သာသနာပြုနောက်လိုက်တပည့်များ" ဖြစ်ကြပြီး တစ်ခုတည်းသော သာသနာပြုစေလွှတ်ခြင်းအတွက် မည်သို့ပူးပေါင်းတာဝန်ယူကြသနည်း။

**B 3. ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ အုပ်ချုပ်မှုနှင့် အခွင့်အာဏာ- သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်တစ်ခုတွင် မည်သည့်လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံများနှင့် အဖွဲ့အစည်းများ လိုအပ်သနည်း။**

B 3.1 သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်တွင် အခွင့်အာဏာနှင့် တာဝန်ယူမှုကို မည်သို့ ပြန်လည် ဆန်းသစ်နိုင်မည်နည်း။

B 3.2 ဝိညာဉ်တော်မြတ်ဘုရား၏ ဦးဆောင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် စစ်မှန်သော အတူတကွ ခရီးပြုခြင်း ပုံစံဖြင့် ဝေဖန်ပိုင်းခြားသိမြင်မှုဆိုင်ရာ အလေ့အကျင့်များနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များကို ကျွန်ုပ်တို့ မည်သို့တိုးတက်ပြောင်းလဲနိုင်မည်နည်း။

B 3.3 သာသနာပြုနေသည့် အတူတကွ ခရီးပြုနေသော သာသနာတော်အား စုစည်းရန် မည်သည့် ဖွဲ့စည်းပုံများကို ချဲ့ထွင်နိုင်သနည်း။

B 3.4 ဒေသန္တရသာသနာတော်များ အုပ်စုများပါဝင်သော အတူတကွ ခရီးပြုခြင်းနှင့် စည်းလုံးညီညွတ်မှုဆိုင်ရာ သာဓကများကို မည်သို့စီစဉ်သတ်မှတ်မည်နည်း။

B 3.5 အပြည့်အဝ အတူတကွ ခရီးပြုနေသည့် သာသနာတော်အတွင်း ဆရာတော်များ၏ ပူးပေါင်းပါဝင်သည့် သဘောထားဖော်ပြချက် ဖြစ်စေရန် ဓမ္မညီလာခံ ၏အဖွဲ့အစည်းကို မည်သို့ခိုင်မာစေနိုင်မည်နည်း။